## စာရေးသူ၏ အမှာ

'စကားဝါ' ဇာတ်လမ်းဟာ ကျွန်တော့် ဦးနှောက်ထဲမှာ နှစ်ရှည်လများ ခိုအောင်းနေခဲ့တဲ့ ကြောက်စရာ ပုံပြင်တစ်ပုဒ်။ ငယ်စဉ်ကတည်းက လျှို့ဝှက်သည်းဖို စာအုပ်တွေ၊ သဘာဝလွန် ချောက်ချားစရာ စာအုပ်တွေကို ကျွန်တော် စွဲစွဲမြဲမြဲ ဖတ်ခဲ့တယ်။ အဲဒီ စာအုပ်တွေထဲက ထိတ်လန့်တုန်လှုပ်စရာ ဇာတ်အိမ်တွေ၊ အမြဲ မှတ်မိနေစေတဲ့ ဇာတ်ကောင်တွေ၊ သူရဲကောင်းတွေ၊ လူဆိုးကြီးတွေ·· ပြီးတော့ မကောင်းဆိုးဝါးတွေ·· ဒါတွေဟာ စကားဝါရဲ့ အုတ်မြစ်လို့ ပြောလို့ရပါတယ်။

ကျွန်တော် ဘာသာပြန်နေကျ စာအုပ်တွေနဲ့ တော်တော်လေး ကွဲထွက်နေတဲ့ အတွက် စာဖတ်သူတွေအဖို့ ကျွန်တော့်ရဲ့ ပထမဆုံး ပင်ကိုရေးဖြစ်တဲ့ စကားဝါ ပုံပြင်ထဲမှာ နေသားကျ သက်သောင့်သက်သာ ဖြစ်ပါ့မလား ဆိုတာကိုတော့ စိတ်ပူမိတယ်။ စကားဝါ ဇာတ်လမ်းထဲမှာ လှပတဲ့ အဖြစ်အပျက်တွေမပါသလို ကြည်နူး သက်ဝင်စရာ ဇာတ်ကောင်တွေလည်း မပါပါဘူး။

အမှောင်ဘက်က အတ္တ၊ လောဘနဲ့ ဇော··။ အလင်းဘက်က ရဲရင့်ခြင်း၊ မေတ္တာနဲ့ ချစ်ခြင်းတရား။ ဒါတွေရဲ့ အားပြိုင်မှုကို အဓိက သီဖွဲ့ထားတာပါ။

စကားဝါပုံပြင်ဟာ ကျွန်တော့်ရဲ့ စိတ်ကူးယဉ် ဖန်တီးမှုတစ်ခုသက်သက်သာ ဖြစ်ပါတယ်။ မည်သည့် ယုံကြည်မှုမျိုးကိုမှ ထိပါးပုတ်ခတ်လိုခြင်း မရှိပါဘူး။

ထိတ်လန့် တုန်လှုပ်စရာ ဇာတ်ဝင်ခန်းတွေ အများကြီး ပါနေတဲ့ အတွက် အသက်ငယ်ရွယ်သေးသူတွေအနေနဲ့ ဒီဇာတ်လမ်းကို မဖတ်သင့်သေးတဲ့ အကြောင်းကိုလည်း ကြိုတင် အသိပေးပါရစေ။

ကျေးဇူးပါ။

ချမ်းမြေ့ဝင်း

စကားဝါ··ဟာ ပျက်စီးသွားတဲ့ ရည်ရွယ်ချက်တစ်ခုရဲ့
လက်ကျန်တည်နေရာ။ စကားဝါကို ရောက်တဲ့အခါ
နေရာသစ်တစ်ခုကို ရောက်လာတဲ့ ခံစားချက်မျိုး
မခံစားရဘူး။ အိုဟောင်းနေတဲ့ အိပ်မက်ဆိုးထဲ
ဝင်တိုးလိုက်ရသလို အုံ့မှိုင်းခြောက်သွေ့သွားစေတယ်။

အဲဒီနေရာ၊ အဲဒီ စကားဝါရွာမှာ
ဖြစ်ပျက်ခဲ့တဲ့ အဖြစ်ဆိုးတစ်ခု။
အသက်ပေးလိုက်ရတဲ့ လူ ၉ ယောက်။
မသေဘဲ ကျန်ရစ်ခဲ့သူက မင်းခန့်ထူး ဆိုတဲ့ လူငယ်။

နှစ်ပေါင်းများစွာ ကြာသွားတဲ့အခါ··

သူဇာလွင် ဆိုတဲ့ သတင်းထောက်တစ်ဦး။
သူက အင်မတန် ကြိုးစားတဲ့သူ၊ ရည်မှန်းချက်ကြီးတဲ့သူ။

စကားဝါရဲ့ နောက်ကြောင်းကို ဘယ်သူ့ကိုမှ ပြောမပြဘဲ
ရေငုံနှုတ်ပိတ်နေခဲ့တဲ့ မင်းခန့်ထူးက·· သူဇာလွင်နဲ့
တွေ့ချင်တယ်၊ စကားဝါပုံပြင်ကို အပြည့်အစုံ
ပြောပြချင်တယ်ဆိုပြီး ကမ်းလှမ်းလာတယ်။

ဒီနှစ်ယောက်ရဲ့ အပြန်အလှန် အမေးအဖြေတွေကြားမှာ
စကားဝါရဲ့ ကြောက်စရာ၊ ရင်နင့်စရာ၊ မယုံနိုင်စရာ
ဇာတ်လမ်းက တစ်စပြီးတစ်စ ရုပ်လုံးပေါ်လာတယ်။

အမှောင်ဘက်က အတ္တ၊ လောဘနဲ့ ဇော··
အလင်းဘက်က ရဲရင့်ခြင်း၊ မေတ္တာနဲ့ ချစ်ခြင်းတရား။
ဒီအရာတွေရဲ့ အားပြိုင်မှုတွေ။

ပြီးတော့ စကားဝါဖြစ်ရပ်မှာ မင်းခန့်ထူးက လွဲရင်
ဘယ်သူမှ မတွေ့လိုက် မမြင်လိုက်တဲ့
၁၁ ယောက်မြောက် လူတစ်ယောက်··။